
သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ့ စကား ၊ ငါ့ ဒေသနာ သည် လူ့ပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ရှိသည် မဟုတ်။
၁ ကောရိန္သု - ၂း၄

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် ဇယ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ပွဲကိုင်သူ

## ပဲ့ကိုင်သူ *သိုးသူငယ် - ဒါးက*





ငါ့လမ်း ငါခင်း ၊ ငါ့လှည်း ငါမောင်း
ငါ့ နင်တံ ငါကိုင် ၊ ငါ့အောင်မြင်မှု ငါ ယူပြမယ် ။
"ငါ"တွေ ပဲ့ကိုင် နေရင်တော့ ၊
　　သေချာတယ် ၊ မင်း သွားနေခဲ့တာ ၊
　　မရေမရာလမ်းနဲ့ ၊ ဂါးတားတား အောင်မြင်မှု ။
ကိုယ်တော် ခင်းတဲ့ လမ်းကို လျှောက်
ကိုယ်တော် မောင်းတဲ့ လှည်းကို စီး ။
ကိုယ်တော့်ကို နင်တံ ကိုင်ခိုင်း လိုက်ရင်
မနက်ဖြန် မင်း သရဖူ ဆောင်းရမှာ
သေချာနေပြီနော်။ ။ *(သိုးသူငယ် - ဒါးက)*

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ့ စကား ၊ ငါ့ ဒေသနာ သည် လူပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ရှိသည် မဟုတ်။
၁ ကောရိန္တု - ၂:၅

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် ဗမ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# အပြစ်ရှိသူ



**အပြစ်ရှိသူ** *ခန့်သစ်ရင်*

တစ်ချိန်တုံးက၊ အပြစ် စ ကို
ဖော်ထုတ်ကြသည် ။
အာဒံ လိုလို ဘာလိုလို - - ။
အာဒံ ကဆို ၊ ငိုယိုကာဖြင့် -
ဧဝ ပေးသော အသီးကြောင့် -
ဧဝ ကလည်း ၊ ပြောဆို ပြသည် ။
မြွေက သူ့အား လိမ်သောကြောင့် -
မြွေက တစ်ဖန် ၊ ဆိုပြန် လေသော်
သခင်ဘုရား ၊ သူ့အား ဒဏ်ခတ်
နယ်နှင် ရက်သည်။
ဘုရားသခင် အပြစ်တည်း - - ။ ။
(ခန့်သစ်ရင်)




သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ့ စကား ၊ ငါ့ ဒေသနာ သည် လူ့ပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ဖြစ်သည် မဟုတ်။
၁ ကောရိန္တု ၂း၄


အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် စမွဲဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချီသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# သခင်



## သခင်    F.Penny [Mizo- Tamu]

ဘဂ မုန်တိုင်း ထန်ခဲ့ ပေမဲ့လည်း ၊
လိုချင်သော အရာထက် ၊ လိုအပ်သည့် အရာများသာ ပေးအပ် ခဲ့တဲ့ သခင် ။
လမ်းမှား သို့ မရောက်ရှိရန် ၊ အစဉ် လမ်းပြ ပို့ဆောင်၍
ဝေဒနာ လမ်းဆုံး လျှောက်ခဲ့သူ သခင်။
နေ့ရက် စဉ်တိုင်း သနား ကရုဏာ ၊ ရေတွက် မကုန်နိုင်
များပြားလှပေ့ါ ။ မေတ္တာရှင် သခင့် ကျေးဇူးတော် ။
နှုတ်ကပါတ်တော်၏ အလင်း ၊ နောင်တ ရသူ
လောကသားများအတွက် ထာဝရ အသက်ရှင်ရာ သခင် ။
အဘယ်မည်သော သူ၏ စကား ၊ ထာဝရ မတည်ခဲ့သော်ငြားလည်း
ကယ်တင်ပိုင် သခင့်စကား ထာဝရ တည်၏။




အို သခင် - ကျွန်ုပ်ထဲမှာ ကျိန်းဝပ်လျက်
သန့်ရှင်းသော ဝိညာဉ်တော် လမ်းပြ ပို့ဆောင်ပါ။
ကိုယ်၏ အလို (သို့မဟုတ်) သခင့်အလိုတော် အတိုင်း
နှုတ်ကပါတ်တော် ရင်ဂယ် ထွေးပိုက်လျှက် -
သခင့်စကား ၊ အကျွန်ုပ်၏ အသက် ၊ ဖြစ်တည်ရာပါ သခင် ။    ။
(သခင့်စကား စာစောင်ကို ၁၆ နှစ်မြောက် တိုင်အောင် ပို့ဆောင်ပေးသော ထာဝရ ဘုရားသခင်၏ ကျေးဇူးတော် အပေါင်းတို့ကို ရေတွက် ချီးမွမ်းရင်း ရှေ့ဆက်ပြီး ကောင်းကြီး မင်္ဂလာ အဖြာဖြာ ရရှိနိုင်ပါစေလို့ ဆုတောင်း မေတ္တာ ပို့သလျှက် --) ။ F.Penny

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏ စကား ၊ ငါ၏ ဒေသနာ သည် လူ့ပညာနှင့် ယှဉ်သော ဖြားယောင်းသော စကားနှင့် တကွ ရှိသည် မဟုတ်။
၁ ကောရိန္သု - ၂း၄

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် ဇမ္ဘူဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# သူ့နာမ



**သူ့နာမ** *Saw Z Net Eagle*

ညစ်ညူးနေသူ ကျွန်ုပ်ကို ဖြူစင်စေတာ
သူ့ "နာမ" ၊ "ယေဟောဝါ မေကာဒ်ရှ"
နေ့စဉ်ထောက်မ သင့်ပြင်ပေးတာ
သူ့"နာမ" ၊ "ယေဟောဝါ ရိယေ"
ရန်များ ကိုရှင်း အောင်မြင်စေတာ
သူ့"နာမ" ၊ "ယေဟောဝါ နိသာ"
မုန်တိုင်းထန်လည်း ငြိမ်သက်စေတာ
သူ့"နာမ" ၊ "ယေဟောဝါ ရှလုမ်"
အနာချုပ်ငြိမ်း ကျန်းမာစေတာ
သူ့"နာမ" ၊ "ယေဟောဝါ ရာဖာ"
ထိန်းကျောင်းပဲ့ပြင် သိုးထိန်း အဖ
သူ့"နာမ" ၊ "ယေဟောဝါ လာအာ"
စဉ်မြဲ တူရှိ လုံခြုံစေတာ
သူ့"နာမ" ၊ "ယေဟောဝါ ရှမ္မ"
ထို "နာမ" မှ တပါး ကျွန်ုပ်အတွက် -
အခြား မရှိ ။ ။ Saw Z Net Eagle






# အသက်ရှင်ခြင်းအစသေဆုံးထိတိုင်

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည်
ဝိညာဉ်ရေးရာစာစောင်

*ဖွန်ပန်း* - လောကမှာ ကျမ လေ့လာကြည့်တဲ့အခါ သေခြင်းတရား ဆိုတာ အချိန်မရွေး၊ အရွယ်မရွေး၊ နေရာမရွေး သွားရမဲ့လမ်း၊ ဒါကို လူ အတော်များများလဲ သိကြတယ်။ သေရင် ဘယ်သွားမလဲ၊ မသေခင် ဘာလုပ်ရမယ်၊ ဒါလဲ သိနေကြတာဘဲ။ တကယ်တန်း လက်တွေ့မှာတော့ လိုက် လျှောက်ဖို့ လက်ခံဖို့ အခက်ခဲဆုံး ကလဲ လူတွေ ပါဘဲ၊ နှုတ်ကပတ်တော် မသိရင်တော့ သေခြင်း တရားဟာ ကြောက်စရာပါဘဲ။ သေရင် ဘယ်သွားမယ်။ ဘာဖြစ်မယ်။ တကယ် မသိတဲ့ လမ်း မှောင်မိုက်ထဲ လျှောက်ရသလိုပါဘဲ၊ နှုတ်ကပတ်တော်






နှလုံးသွင်းလိုက်လျှောက် မိရင် တော့ သေခြင်း တရားဟာ တကယ် ကို ရင်ခုန်စရာတွေနဲ့ ဆီးကြိုနေမဲ့ နေရာလေး တခုပါ။ *သက်ရှင်ခြင်း တရားကို ကျမ လေ့လာကြည့် တဲ့အခါ၊ သာမာန် လူသားတွေ အနေနဲ့ သေခြင်း ရှင်ခြင်းဟာ သိပ်ပြီး အလေးထားရမဲ့အရာ မဟုတ်သလိုဘဲ၊ လူဘဲ မွေးတနေ့ သေတနေ့ ပေါ့လို့ လွယ်လွယ် ပြောကြတယ်၊ မှန် ပါတယ်။ မွေးတနေ့၊သေတနေ့ဆိုတာ လူတိုင်း ကြုံရမှာပါ၊ {သို့သော် လည်း} နှုတ်ကပတ်တော် ကို သိရှိ နားလည် လိုက်လျှောက်သောသူရဲ့ အသက်တာမှာ မွေးတဲ့အချိန်က စပြီး သေမဲ့ အချိန်ထိ အသက်ရှင်နေတဲ့ ကာလတလျှောက်မှာ အကျိုးရှိရှိ အသက်ရှင်ဖို့ လိုအပ်ပါတယ်။ အသက်ခြင်း လက္ခဏာ (ရောမသြဝါဒ ၁၂) မှာ - သင်တို့သည် လောကီ ပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ လို့ ဘုရားသခင်က ကျမတို့ လောကီလူ သားတွေကို မှာထားပြီးသား၊ အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင် းအားဖြင့် အဆိုးကို နိုင်လော့ ဟု ဆိုထားပါတယ်၊ လောကီပုံ ဆောင်ပြီး၊ လောကကို အရှုံးခံ မှာလား၊ နှုတ် ကပတ်တော် နာခံပြီး၊ အဆိုးကို အနိုင်ယူ မှာလား။ ထို့ကြောင့် ကျမတို့ အသက်ရှင်နေတဲ့ အချိန်လေးမှာ၊ အကျိုးရှိရှိ အသက် ရှင်ဖို့ အရေးကြီးပါတယ်၊ အကျိုးရှိရှိ အသက် မရှင်ခဲ့ဘူး ဆိုရင်တော့ အမှောင်ထဲ စမ် းတဝါးဝါး လှမ်းလျှောက်သူ တယောက်လို၊ သင် သေရင် ဘယ်ကို သွားလို့၊ ဘယ်ရောက်မယ် မသိတဲ့ သူလိုပါဘဲ၊ သင်လောကမှာ အသက်ရှင်ခြင်း ဟာ ဘုရားအတွက် တိုင်းပြည်အတွက်၊ လူတွေအတွက်၊ မိသားစုအတွက်၊ နောက်ဆုံး - မိမိကိုယ် မိမိ အတွက် အကျိုးရှိစွာ အသက်ရှင်ခဲ့ပြီလား၊ လောကမှာ အသက်ရှင်ပြီး ဘာတခုမှ အကျိုး မပြုရသေးဘူး ဆိုရင်တော့၊ သင်လောကမှာ အသက်ရှင်ခြင်းဟာ ဘာ အဓိပါယ်မှ မရှိတော့ဘူး၊ "သေလျှင်မူကား သာ၍ အကျိုးရှိ၏" တဲ့။

ဥပမာ။ မျိုးကောင်း မျိုးသန့် ချစ်စရာကောင်းတဲ့ ခွေးလေး ဖြစ်တယ် ဆို ပါစို့၊ အိမ်လုံခြုံမှုလဲ မရ၊ ဘေးပတ်ဝန်းကျင်အတွက်လဲ အနှောက်ယှက် ဖြစ်စေ။ သခင့် စကားလဲ နား မထောင်တဲ့ အပြင် ထမင်း ကျွေးတဲ့ သခင့် လက်ကိုပါ ကိုက်မယ် ဆိုရင်၊ ထိုခွေးလေးဟာ သခင်အတွက်၊ လူတွေအတွက် အကျိုးမရှိ အသုံး မဝင်ဘူး ဆိုရင်တော့၊ အသက်ရှင်နေလည်း အချည်းနှီးသက်သက် ဖြစ်ပါလိမ့် မယ်။ ထို့ကြောင့် ယုံကြည်သူ သားသမီး၊ ညီအကို မောင်နှမများ အားလုံး မိမိ၏ "အသက်ရှင်ခြင်း အစနှင့် သေခြင်း အဆုံးတိုင်" ၊ မိမိနှင့် သက်ဆိုင်သော မိမိ၏ သခင် ပေးအပ် ထားတဲ့ တာဝန်များကို တာဝန်ကျေစွာဖြင့်၊ မွေးတနေ့ သေတနေ့ မဟုတ်ဘဲ၊ အဆိုးအားဖြင့် အရှုံး မခံဘဲ အကောင်းအားဖြင့် အဆိုးကို နိုင်သော ယုံကြည်သူများ ဖြစ်ကြပါစေလို့။ ။ *လေးစားစွာဖြင့် - *ဖွန်ပန်း*


# သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါ၏ စကား ၊ ငါ၏ ဒေသနာ သည် လူ့ပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ရှိသည် မဟုတ်။
၁ ကောရိန္သု – ၂:၅

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်မှစ၍ တည်ထောင်သည်။ Est; September 2001


## ချစ်သောနမ






**"ချစ်သောနမ"** sai naung "Kalay"

ငါ ချစ်သော နမ၊ သင်သည် အဆင်းလည်း လှ၏။
ဘုရားလည်း သိ၏။ ယော်ဒန်မြစ်၏ ကောက်ကြောင်း အလှကဲ့သို့
သင်၏ ကိုယ်သည် စွဲမက်ဖွယ်ဖြစ်ပါ၏။
ငါ ချစ်သော နမ၊ သင်၏ သားမြတ်တို့သည်
ကန္တာရ၌ ရှိသော သဲတောင်တန်း ကဲ့သို့ နှစ်လိုဖွယ် ဖြစ်ပါ၏။
ငါချစ်သော နမ၊ သင်၏ ကိုယ်ထဲက ထွက်သော ကိုယ်သင်း ရနံ့သည်
"နာဒုဆီ မွှေးအနံ့ " ကဲ့သို့ တစ်မြို့လုံးကို ရနံ့ သင်းထုံ စေပါ၏။
ငါချစ်သော နမ၊ သင်၏ ဟန်ပန် အမူအယာတို့သည်
အပူရှိန်နှင့် ပျော့ပျောင်းနေသော ဖယောင်းကဲ့သို့ ဖြစ်ပြီး
သင်၏ စကားသံမှာ ဆောင်းနံနက်ခင်း၌ တိုက်သော လေနုအေး
ကဲ့သို့ အေးမြပြီး စမ်းရေကဲ့သို့ ကြည်လင်ပြတ်သား လှပါ၏။
ငါချစ်သော နမ၊ သင်သည် ယေရုရှလင်မြို့ကဲ့သို့ တင့်တယ်လှပ ပါ၏။
သင်၏ အလှသည် လ ကဲ့သို့ အေးမြပြီး -
နေ ကဲ့သို့ ထွန်းလင်း တောက်ပ၍ ကမ္ဘာ တစ်ခွင်လုံးသည် သင့်
(သခင့်) အားဖြင့် သာယာ လှပလို့ နေပါတော့သတည်း။ ။ sai naung

# အဖြစ်ဆိုးတွေကြုံလာတဲ့အခါ

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည်
ဝိညာဉ်ရေးရာစာစောင်

**"အဖြစ်ဆိုးတွေကြုံလာတဲ့အခါ"** (မေသူ - ဇဗာနေဇာ အသင်းတော်)

"သင်တို့သည် စမ်းသပ်မှု အမျိုးမျိုးကြောင့် ယခုကာလ တစ်ခဏမျှ ဂမ်းနည်းရမည် မှန်သော်လည်း အလွန် ဂမ်းမြောက်လျှက်ရှိကြ၏။ (၁ပေတရု ၁:၆) ပျော်ရွှင်တဲ့ အိမ်ထောင်၊ ပျော်ရွှင်တဲ့မိသားစု ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားတဲ့ကြားထဲက မမျှော်လင့်ထားတဲ့ ဖြစ်ရပ်တွေ ကြုံလာရရင် သင်တို့ရဲ့ ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားနိုင် ပါတယ်။ (ဒေသနာ ၉:၁၁) အခက်အခဲတွေ ကြုံလာတဲ့အခါ ဖြေရှင်းနိုင်ဖို့ လိုအပ်တဲ့ အကူအညီတွေကို ဘုရားသခင် ပြင်ဆင် ပေးထား ပါတယ်။



(၁) ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။

'ကိုယ်တော်သည် သင်တို့ကို ဂရုစိုက်တော်မူသောကြောင့် စိုးရိမ်စရာ ရှိသမျှကို ကိုယ်တော်ထံ ပုံအပ်လော့။(၁ပေတရု ၅:၇) သင်တို့ကြုံတွေ့ရတဲ့ ဆင်းရဲ ဒုက္ခတွေက ဘုရားကြောင့် မဟုတ်ဘူးဆိုတာ အမြဲ သင် သတိ ရပါ။ (ယာကုပ် ၁:၁၃) ဘုရားသခင်နဲ့ ခင်မင်ရင်းနှီးမှု ရှိမယ်ဆိုရင် သင့်ကို အကောင်း ဆုံး နည်းလမ်းနဲ့ ကိုယ်တော် ကူညီပါလိမ့်မယ်။ (ဟေရှာယ ၄၁:၁၀)။ ဒါကြောင့် ဘုရား ရှေ့တော်၌ စိတ်နှလုံးကို ဖွင့်ပြကြပါ။ (ဆာလံ ၆၂:၈) ကျမ်းစာကို နေ့ တိုင်း ဖတ်မယ်ဆိုရင် နှစ်သိမ့်မှု ရပါလိမ့်မယ်။ အဲဒီအခါ ဘုရားသခင်က ဆင်းရဲဒုက္ခ အမျိုးမျိုး ခံရသူတွေကို ဘယ်လို နှစ်သိမ့်ပေးသလဲ ဆိုတာ သင် သိလာ ပါလိမ့်မယ်။ (၂ကော ၁:၃-၄; ရောမ ၁၅:၄) 'စဉ်းစား၍ မမှီနိုင်သည့် ဘုရား သခင်၏ ငြိမ်သက်ခြင်း' ပေးမယ်လို့လည်း ကတိ ပေးထားပါတယ်။ (ဖိလိပ္ပိ ၄:၆-၇-၁၃)



(၂) ကိုယ့်ကိုကိုယ်ရော မိသားစုကိုပါ ဂရုစိုက်ပါ။

သမ္မာတရား ရှိသောသူ၏ စိတ်နှလုံးသည် ပညာအတတ်ကို သိထား တတ်၏။ ပညာရှိသော သူ၏ နားသည်လည်း ပညာစကားကို ရှာတတ်၏။ (သုတ္တံ ၁၈:၁၅) မိသားစုဂင်တိုင်းရဲ့ လိုအပ်တဲ့ အရာကို သိအောင် လုပ်ပါ။ သူတို့နဲ့ စကားပြောပါ။ သူတို့ ပြောတာကိုလည်း နားထောင်ပါ။ (သုတ္တံ ၂၀:၅) ချစ်မြတ်နိုးရတဲ့ သူ သေဆုံးသွားခဲ့ရင်ကော ကိုယ်ခံစားချက်တွေကို ထုတ်ဖေါ်ပြဖို့ မရှက်ပါနဲ့။ ယေရှုတောင် မျက်ရည် ကျခဲ့တယ် ဆိုတာ သတိရပါ။(ယောဟန် ၁၁:၃၅; ဒေသနာ ၃:၄) ကောင်းကောင်း အိပ်စက် အနားယူမယ် ဆိုရင် ဂမ်းနည်း ကြေကွဲမှုကို ခံနိုင်ဖို့ လွယ်ကူသွားမှာ ဖြစ်တယ်။



(၃) ပေးလာတဲ့ အကူအညီကို လက်ခံပါ။


အဆွေခင်ပွန်းသည် အခါ ခပ်သိမ်း ချစ်တတ်၏။ ညီအစ်ကိုသည် ဒုက္ခ ကာလအဖို့ မွေးဖွားလျက် ရှိ၏။(သုတ္တံ ၁၇:၁၇) မိတ်ဆွေတွေက သင့်ကို အကူအညီ ပေးချင်ပေမဲ့ ဘာလုပ်ပေးရမှန်း မသိတာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် သင် တကယ် လိုအပ်တဲ့အရာကို သူတို့ကို ပြောပြဖို့ မတွန့်ဆုတ် ပါနဲ့။(သုတ္တံ ၁၂:၂၅) ဒ့ါအပြင် ကျမ်းစာ ကောင်းကောင်း နားလည် ထားတဲ့ သူတွေ ဆီကနေ အကူအညီ ရယူပါ။ သူတို့ ပေးလာတဲ့ အကူအညီ ကနေ အကျိုး ရရှိပါလိမ့်မယ်။ (ယာကုပ် ၅:၁၄) ဘုရားသခင်ကို အားကိုးပြီး ကိုယ်တော်ရဲ့ ကတိတွေကို ယုံကြည်တဲ့ သူတွေနဲ့ မှန်မှန် ပေါင်းသင်းတဲ့အခါ သင် လိုအပ်တဲ့ အကူအညီတွေ ရရှိပါလိမ့်မယ်။ ဘုရားသခင်နဲ့ ကိုယ်တော်ရဲ့ ကတိတွေ အပေါ်ဘာကြောင့် ယုံကြည်ကိုးစားရတာလဲဆိုတာ သူတို့ကို ပြောပြ ပါ။ တစ်ယောက်တည်း သီးသန့် မနေပဲ သင့်ကိုချစ်ပြီး ဂရုစိုက်တဲ့ သူတွေနဲ့ ပေါင်းသင်းပါ။ (သုတ္တံ ၁၈:၁; ၁ကော ၁၅:၅၈) သင့်စိတ် ဖိစီးနေရင်တောင် ဘုရားသခင်ကိုပဲ အာရုံစိုက်ထားပါ။

ကျမ်းစာမှာပါတဲ့ ယောဘဟာ ဒုက္ခဆင်းရဲ ခံနေရချိန် မှာတောင် ဘုရား သခင် ၏ နာမတော် မင်္ဂလာ ရှိပါစေလို့ ပြောခဲ့တယ်။ (ယောဘ ၁:၂၁-၂၂) သင်လည်း ယောဘ လိုပဲ သင့်ရဲ့ စိုးရိမ်ပူပန်မှုအတွက် ဘုရားသခင်ရဲ့ နာမည်နဲ့ အလိုတော်ကို ဦးစားပေးပါ။ သင်မျှော်လင့် ထားသလို ဖြစ်မလာရင်လည်း အား မလျော့ပါနဲ့။ ဘုရားသခင်ကို အပြည့်ဂ ယုံကြည် ကိုးစား ပါ။ ငါသည် သင်တို့ကို အကျိုးနည်း စေခြင်းငှာ ကြံစည်သော အကြံ မဟုတ်ပဲ သင်တို့သည် မျှော်လင့် သော အကျိုးကိုရမည့် အကြောင်း ငြိမ်ဂပ်စေခြင်းငှာ သင်တို့အဖို့ကြံစည်သော အမှုကို ငါသိ၏။(ယေရမိ ၂၉:၁၁) ။ ယုံကြည်သူ အယောက်စီ တိုင်းအပေါ် ဘုရား သခင် ကောင်းကြီးပေးပါစေ။ ။ (မေသူ - ဇဗာနေဇာ အသင်းတော်)

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏ စကား ၊ ငါ၏ ဒေသနာ သည် လူ့ပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ရှိသည် မဟုတ်။
၁ ကောရိန္သု – ၂း၄

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချီသည် ) ၂၀၀၁ ခုနှစ်မှစ၍ တည်ထောင်သည်။ Est; September 2001



## လူလိုလူ *(စိုက်သူ)*

၁။ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံး
ပြုံးဖို့ ကြိုးစားတဲ့ လူ ၊ ရင်ထဲမှာတော့ ပူ
သူ မတူအောင် ဟန်ဆောင်ကာ ပြလိုက်ချင်သေး
လူ့ ဗီဇသွေး ။



၂။ အပြစ်ကြွေးကို ကံ(အလုပ်) ကြွေးနဲ့ဆပ်
လွတ်လပ်ချင်တဲ့ လူ ၊ လောက်ကောင်နှင့် တူ
ရန်သူကို အလံဖြူ ပြဖို့အရေး ၊ နောက်လိုက်ကို မွေး ။

၃။ ပူအေးနေ မီးစမ်းရေ ၊ ပဋိပက္ခကြား
သံဝေဂ ပွားနေတဲ့လူ ၊ နောင်တ သရဖူ
ဗျာများသူ ပိတ်ကားဖြူ ဖန်သားပြင်ပေါ်မှာတော့
အမှောင်ဖုံးနေပေ့ါ ။

၄။ သိသလို ရှိသလို စကားလုံး ထွား
တမာနလုံးသားနှင့် လူဂုဏ်ပုဒ်ကို ယူ
တကယ့်လူ သတိမမူ ဂူ မမြင်လေတော့
ငရဲလမ်းပေ့ါ ။ ။ ( စိုက်သူ )

လူလိုလူ

# သခင့်စကား
**The LORD's Word**

မင်းအောင်သက်လွင်မိသားစုမှ ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ့ စကား ၊ ငါ့ ဒေသနာ သည် လူ့ပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ဖြစ်သည် မဟုတ်။
၁ ကောရိန္သု - ၂း၄

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ဝေသည်) ၂၀၀၁ ခုနှစ်ကတည်းက စတင်ထုတ်ဝေခဲ့သည်။ Est: September 2001


## ဧည့်သည်များနှင့်အကူညီမဲ့သူများထံအသနားခံခြင်း

### ဧည့်သည်များနှင့် အကူညီမဲ့သူများထံ အသနားခံခြင်း-"စာမျက်နှာ-၁" ဆူးရင့်စိမ်း



မိမိထံသို့ ရောက်ရှိလာသော ဧည့်သည်များကို ဧည့်ဝတ် ပြုရသည့် အမှုမှာ ရှေးယခင် လူ့ဘောင် အသိုင်းအဝိုင်း ကတည်းက ယဉ်ကျေးမှု တစ်ရပ် ဖြစ်ခဲ့သည်။ ဧည့်ဝတ် ပြုခြင်းကို အမျိုးသမီးများက ပို၍ လုပ်နိုင်ကြောင်း ထင်ရ သော်လည်း သမ္မာကျမ်းစာ၌ မိသားစုဝင် ယောကျာ်းလေး မိန်းကလေး မရွေး ပြုလုပ်လေ့ ရှိသည်။ အာဗြံ၊ လောတ ကဲ့သို့ အမှတ်မထင် ကောင်းကင်တမန် များအား ဧည့်ဝတ်ပြုရသော အခွင့်ရကြ သောကြောင့် အကြောင်း အမျိုးမျိုးဖြင့် ရောက်ရှိလာသော ဧည့်သည်များကို အချိန်ပေး ဧည့်ဝတ်ပြုခြင်း အမှုအား ယုံကြည်သူ ခရစ်ယာန် အသိုင်းအဝိုင်း ထဲ၌ ပိုမိုကျယ်ပြန့်စွာ တွေ့ရပေသည်။ ဧည့်သည်ဝတ်ကို ကြိုးစားပြုရန် သွန်သင် ထားသကဲ့သို့ အသင်းတော် အဖွဲ့ အစည်း၊ အတော်များများ၌လည်း ကြိုဆိုခြင်း အစီအစဉ်များ ပြုလုပ်လေ့ရှိသည်။ ဧည့်ဝတ်ပြုခြင်း အမျိုးမျိုး ရှိခြင်းထဲမှ ရေအားဖြင့် ဧည့်ဝတ်ပြုခြင်းကို လူ့လောက ၌ ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ထို့ကြောင့်လည်း ရှေးယခင် ခေတ်ကတည်းက အိမ်သို့ လာရောက်မည့် ဧည့်သည်များကို ခြေ ဆေးနိုင်ရန်အတွက် အိမ်ဝ၌ ခြေဆေး ရေ ထားခြင်းကို ယနေ့တိုင် အချို့ နေအိမ်များတွင် တွေ့ရလေ့ရှိသည်။ အမောပြေ ရေသောက်ကြပါအုံး ဟု ဆိုလေ့ ရှိသလို ဧည့်သည်များမှလဲ တခွက် ဆို ရပါပြီ။ ဟုတောင်းဆို တတ်ကြပါသည်။ အဘယ်ကြောင့် ဆိုသော် ရေသည် အညစ်အကြေးများကို ဆေးကြောနိုင်ခြင်း ပင်ပန်းနွမ်းနယ်မှု များကို လန်းဆန်း စေခြင်း ချက်ပြုတ်ဆေးကြော သန့်စင်ရာ၌လည်း မရှိမဖြစ် လိုအပ်ပေသည်။ လူ့ ခန္ဓာ ကိုယ်၏ အဓိက အရင်းအမြစ် ထဲတွင် ရေသည် အရေးကြီးသော အရာတစ်ခု အပါအဝင် ဖြစ်ပါသည်။ ရေ ကိုလည်း နှုတ်ကပါတ်တော်နှင့် နှိုင်းနှိုင်း တင်ပြ ထားသောကြောင့် ရေ အားဖြင့် ဧည့်သည်များအား ဧည့်ဝတ်ပြုခြင်းကား အကျိုးကြီး လှပေသည်။ ကြီးမားသော အစေခံခြင်းလည်း ဖြစ်ကြောင်း သက်သေ သာဓက ၂ ခုဖြင့် ဆင်ခြင်ကြပါစို့။



(၁) ရေဗက္ကာ၏ ဧည့်ဝတ်ပြုခြင်း ။

ရေဗက္ကာသည် ရုပ်ဆင်းအင်္ဂါ ချောမော လှပသော အပျို ဖြစ်သော်လည်း သာမာန် မိန်းကလေးများ ကဲ့သို့ ရေခပ် ခြင်းဖြင့် မိသားစုကို ကူညီပေးသူ ဖြစ်သည်။ တစ်နေ့မှာ အာဗြဟံ၏ ကျွန် "သို့" ဘဏ္ဍာစိုး သည် ကုလားအုပ် ဆယ်စင်းနှင့် မိမိ မကျွမ်းကျင်သော အရပ်သို့ သွားကာ သခင်၏ သား အတွက် ဇနီး ရှာရန် စေလွှတ်ခြင်း ခံရပါသည်။ ခက်ခဲလှသော အမှု ဖြစ်သည်က တကြောင်း၊ ရေတော် ခြင်းနှင့် ကြုံတွေ့ရသည်က တကြောင်း၊ အကူအညီ မဲ့ချိန်၌ အဖြေတစ်ခု ရရှိရန် ဘုရားသခင်ထံ တောင်းလျှောက် အပ်နှံ မိလိုက်သည်။

# ဧည့်သည်များနှင့် အကူညီမဲ့သူများထံ အသနားခံခြင်း-"စာမျက်နှာ-၂" ဆူးရင့်စိမ်း

ပင်ပန်းမှု များစွာနှင့် ရောက်ရှိ လာသော တစ်ပြည်သား ဧည့်သည်ကို ချောမော လှပသည့် မိန်းမငယ် ရေဗက္ကာက ရေတိုက်ခြင်းဖြင့် ဧည့်ဝတ် ပြုလိုက်ပါသည်။ ထိုသူ့ကို သာမက ပါလာသော ကုလားအုပ်များကို ရေခပ်တိုက်ခြင်း အမှုက မလွယ်ကူလှပေ။ အံ့ဩ ဖမ်းသာ သွားသော အာဗြဟံ၏ ကျွန်၊ သို့မဟုတ်၊ ဘဏ္ဍာစိုးသည် သောက်လိုက် ရသော ရေ ကြောင့် တိကျ ရှင်းလင်းသည့် ဘုရားထံမှ အဖြေကို ရရှိခဲ့ပါသည်။ စိတ်ထား ဖြူစင်၍ နှလုံးသား အမှန်နှင့် ဧည့်ဝတ် ပြုလိုက်သော ရေဗက္ကာ သည်လည်း ရေ၏ အကျိုးကို ကြီးစွာ ရှိခဲ့သည်။ ရေနှင့် အစပြု လိုက်သော ဧည့်ဝတ် သည် နှစ်ဦးနှစ်ဘက် ကောင်းကြီး ဖြစ်စေပြီး အသောင်း၊ အသိန်း တို့၏ အမိ ဖြစ်ရခြင်း ဘဂကို ရေဗက္ကာ ပိုင်ဆိုင်ရလေသည်။ (ကမ္ဘာဦး ၂၄)



(၂) ရှမာရီ အမျိုးသမီး၏ ဧည့်ဝတ်ပြုခြင်း။

ယာကုပ် ရေတွင်း ၌ ရေခပ်လေ့ ရှိသော ရှိမာရီ အမျိုးသမီး အကြောင်း ဆင်ခြင် ကြည့်ကြပါစို့။ ကိုယ်ပိုင် ယောကျာ်း မရှိခြင်းနှင့် ဘဂမှာ အမည်းစက်များ ရှိနေခြင်းကြောင့် လူတော်လူကောင်းများနှင့် စကားပြောရန် အခွင့်အရေး ရရှိရန် ခက်ခဲသူလည်း ဖြစ်သည်။ အခြားသူများ ရေခပ်ပြီးသော အချိန်ကိုသာ စောင့်၍ မိမိ လိုအပ်သော ရေကို ခပ်ယူရခြင်းမှာ ပင်ပန်း လွန်းလှပါသည်။ လူ အတော် များများ အပေါင်းအသင်း မလုပ်ချင်သော ထိုမိန်းမပျက်လေး ထံသို့ အမှတ်မထင် ရှားရှားပါးပါး ဧည့်သည် တစ်ယောက် ရောက်ရှိလာသောကြောင့် အထူး အဆန်း ဖြစ်ခဲ့ရလေသည်။ ရေတွင်းနားမှာ တွေ့၍ ရေကိုသာ တောင်း သောက်သော ထို ဧည့်သည်အား ရေဖြင့် ဧည့်ခံပြီးသည့်နောက် ကြီးမားသော ပြောင်းလဲမှုကြီးက သူမ ဘဝအား အသစ် ဖြစ်စေခဲ့လေသည်။ ရိုးရိုးရေ နှင့် ဧည့်ခံပြီးနောက် အသက် စမ်းရေ ကို သူမ ရရှိခဲ့လေသည်။ အသက်စမ်းရေကို ပေးပိုင်သော ကယ်တင်ရှင် ယေရှု တည်း ဟူသော ဧည့်သည် အကြောင်းကို မပြောရလျှင် မနေနိုင် အောင် ဖြစ်ခဲ့ ရပါသည်။ မိမိ အသက်တာ၌ စီးဆင်း လာသော အသက် စမ်းရေအား သူတစ်ပါး ထံသို့လည်း စီးဆင်း သွားစေ ခဲ့သည်။ (ယောဟန် ၄။)

ချစ်သော ယုံကြည်သူများ မိမိ အိမ်၌ ဖြစ်စေ၊ ပါဝင်သော အသင်းတော် အဖွဲ့ အစည်း၌ ဖြစ်စေ၊ ရောက်ရှိလာသော ဧည့်သည်များကို ဧည့်ဝတ် ပြုခြင်းက သာမည ကိစ္စ မဟုတ်ပေ။ ကြီးစွာသော အကျိုး ကျေးဇူးကို ဖြစ်ပေးစေပါသည်။ ဧည့်သည်ဝတ် ပြုခြင်းသည် လွယ်ကူလှသော အလုပ်၊ မဟုတ်သလို ခက်ခဲ လှသော အလုပ်လည်း မဟုတ်ပေ။ ဘုရားသခင် ကိုယ်တိုင် ပြင်ဆင်ထား ပေးကြောင်း နားလည် ရပေသည်။ သင်သည် စကားအရာ၌ ကြွယ်ဝ ပါသလား။ စကား အားဖြင့် ဧည့်ဝတ်ပြုပါ။ အချက်အပြုတ် တတ်ကျွမ်းပါသလား။ အကျွေး အမွေးနှင့် ဧည့်ဝတ် ပြုပါ။ အချုပ်အလုပ် တတ်ကျွမ်းပါသလား။ ငွေရတတ် ပါသလား။ ဆုတောင်း အားကြီး ပါသလား။ ထိုနည်းအတိုင်း ဧည့်ဝတ်ပြုပါ။ သင့်အား သခင်သည် ငွေ အခွက် ၃၀ ပေးထားသလား။ အခွက်၆၀ ပေးထား သလား။ အခွက်တစ်ရာ ပေးထား သလား။ ရှိသည့် အတိုင်း သာ အစေခံ တတ်သူ များ ဖြစ်ပါစေ။ မိမိ ပါဝင်ဆက်ကပ်နေသော အသင်းတော် အဖွဲ့အစည်းမှ အစ ပြု၍ အကူအညီ မဲ့နေသောသူများထံသို့ ဆက်လက်၍ စီးဆင်း သွားစေပါ။ သင် သောက်သုံး ထား ပြီးသော အသက်စမ်းရေသည် သင့်အထဲ၌ အဆက်မပြတ် စီးဆင်း လာပြီး အသင်းတော် ပတ်ဝန်းကျင် လူ့ဘောင် အသိုင်းအဝိုင်းကြီးနှင့် အကူအညီ မဲ့နေသူများထံသို့ ဆက်လက် စီးဆင်း သွားစေပါ။ ထို အမှုသည် ကြီးသော အမှုနှင့် ကြီးသော အစေခံခြင်း ဖြစ်ကြောင်း တိုက်တွန်း အားပေး လိုက်ပါသည်။

။ ဆူးရင့်စိမ်း

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ့ စကား ၊ ငါ့ ဒေသနာ သည် လူ့ပညာနှင့်
ယှဉ်သော ဖြားယောင်းသော
စကားနှင့် တကွ ရှိသည် မဟုတ်။
၁ ကောရိန္တု - ၂:၅

အမှတ်စဉ် (၁၉၄) အောက်တိုဘာလ ၂၀၁၇ ခုနှစ် ဇမ္ဗူဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# အဖြစ်ချင်ဆုံးဆန္ဒ



**အဖြစ်ချင်ဆုံးဆန္ဒ** *ဆယ်မြို့ရယ်စိုးလွင်*

ချမ်းသာဆင်းရဲ ၊
အာရုံမလာဘူး.....
အယုတ်အမြတ် ၊
လုံးဂမထားဘူး....
တော်တတ်ညံ့ဖျင်း ၊
ဇယားမပါဘူး....
အများအတွက် ၊
ဘုရားဖက် သူတော် ဖြစ်ချင်တယ်.....။ ။


*(ဆယ်မြို့ရယ်စိုးလွင်)*

# ဖာရီရဲ့သတိပြု-၃

**ဖာရိရှဲ သတိပြု - ၃** *မင်းအောင်သက်လွင်*

ဆုတောင်းချက်က ရှည်လှတယ်၊ ရွတ်ဖတ် သရဇ္ဈယ်
စိတ်ထဲမှာတော့ အမုန်းပွား၊ ညစ်လှ သူ့ စိတ်ထား
အပြင်မှာတော့ ထုံးဖြူဖွေး၊ အတွင်းကတော့ ပုပ်ပွ ဆွေး ။
ရှည်လျားလှတဲ့ သူ့ဂါတ်လုံ၊ လူတွေ ကြားမှာ ဂါတ်လို့ခြုံ။
ဖော်ဖော်ရွှေရွှေ သူနှုတ်ဆက်၊ ဆရာသမား အပြုံးမပျက်။
ရှည်လျားလှတဲ့ ဆုတောင်းသံ၊ ကောင်းကင် ဘဝဂ် မိုးထိညံ
အတွင်းနလုံးသားက အမုန်းပွား၊ လူ မသိအောင် သူ ဖုံးထား။
မြင့်မြတ်လှတဲ့ နေရာမှာ၊ နေရာတကာ သူ ဂင်ပါ။
နိမ့်ချလှတဲ့ စိတ်ထားမျိုး၊ သူ့အတွင်းမှာ မရှိရိုး။
ဖာရိရှဲ ဆိုတဲ့ အမည်တွေ၊ ဗိမ္ဗာန်တော်မှာ ခိုအောင်းနေ
ယေရှုသခင် သတိပေးထား၊ ရှောင်ရှားကြပါ ထိုလူများ။
တနေ့သ၌ ဗိမ္ဗာန်မှာ၊ လူသား နှစ်ဦး ဆုတောင်းရာ
တစ်ဦးကတော့ အပြစ်သား၊ ကျန်တစ်ဦးက ဆောင့်ကြွားကြွား
အပြစ်သားက ကျိုးနွံစွာ၊ ပြစ်ဂန်ချရင်း ဂပ်တွားကာ
ဆောင့်ကြွားကြွား က ဖာရိရှဲ၊ သူ့ဂုဏ် သူဖော် ခပ်ရဲရဲ။
ဖာရိရှဲ ဆိုတဲ့ လူဆိုးတွေ၊ ဗိမ္ဗာန်တော်မှာ ခိုအောင်းနေ။
ဘာသာရေးကို အကြောင်းပြု၊ နေရာတကာ သူ မောင်းထု။
ကျမ်းစာ မသိတဲ့ ပရိတ်သတ်တွေ၊ ဖာရိရှဲကို ကိုးကွယ်နေ
လူ အထင်ကြီးအောင် ဟန်ရေးပြ၊ သူတို့ကိုယ်တိုင် ပုပ်လို့ပွ။
သူကောင်း ယောင်ဆောင် ဖာရိရှဲ တွေ၊ ရှောင်ကာ ရှားကာ ဝေးဝေးနေ။
ပြစ် ငရဲ က မလွတ်သူများ ။ သမ္မာကျမ်းမှာ ဖော်ပြထား
ဥပုသ်တော်မြတ်နေ့ တစ်နေ့မှာ၊ ယေရှုသခင် ရောက်ရှိလာ
ဖာရိရှဲကို အပြစ်တင်ခဲ့၊ မြွေဆိုး အမျိုးလို့ သူကျိန်ဆဲ
ငါနဲ့ ဝေးဝေး နေကြပါ၊ ယေရှုသခင် မိန့်မူတာ
ငါ့ အဖ၏ အိမ်တော်အား၊ ဓားပြ တွင်း ဖြစ်စေကြသူများ။ ။ *မင်းအောင်သက်လွင်*








(အခြေပြုကျမ်း။ လုကာ - ၁၈း၉-၁၄ ။ မဿဲ ၂၃း၂- ၃၉ ဖာရိရှဲ တို့၊ သင်တို့သည် အမင်္ဂလာ ရှိကြ၏။ - - - အပြစ် မပေါ်စေခြင်းငှာ ရှည်စွာသော ပဌနာ စကားကို ရွတ်တတ် ကြ၏။ - - - အဖြူ သုတ်သော သင်္ချိုင်းတွင်းနှင့် တူကြ၏။ - - - မြွေဆိုး အမျိုးတို့ သင်တို့ သည် အပြစ် ငရဲ မှ အဘယ်သို့ လွတ်နိုင် ကြမည်နည်း။)



## ပညာရေးလိုအပ်မှုအကြောင်းလေးမျိုး "စာမျက်နှာ - ၁"



(ဆယ်မြူရယ်စိုးလွင်)

မယုံကြည်သူ လောကတွင် "ပွဲမဝင်ခင် မြင်က ကျင်းပ"ဟု ဆိုရိုး စကား ရှိသည်။ ထိုစကားပုံကို ရုပ်မြင်သံကြား၊ မဂ္ဂဇင်းနှင့် နေရာ အနှံ့ အပြား တွင် ကြားသိ၊ မြင်တွေ့ရသည်။ အမှန် တကယ်လည်း ခိုင်မြဲသော အိမ်ထောင် တစ်ခု၊ တည်ကြည်သော ဆက်ဆံရေးအတွက် အထက်ပါ နည်းလမ်းအတိုင်း ကျင့်သုံးရန် လိုသည်။ ထိုနည်းတူ ကျမ်းစာတွင် တွေ့ရသော ခရစ် ယာန်တို့၏ အိမ်ထောင်ရေး ချစ်မှုရေးရာတွင်လည်း ထိုနည်းလမ်းအတိုင်း အသုံးပြုလျှက်ရှိ ကြသည်။ ထိုသို့ မှန်ကန်နေက ဘယ်အချိန်မှာ ရည်း စား ထားသင့်သနည်း။ ထိုမေးခွန်းမှာ အချိုးစိတ်ပျက်စရာဖြစ်ကောင်း ဖြစ်နိုင် သော်လည်း၊ ပညာရှင်များ၏ လေ့လာသုံးသပ်မှုအရ အခြေခံ ပညာအထက်တန်း (သို့) သတ်မှတ် ထားသော ၇ ပန်းတိုင်တစ်ခုသို့ မရောက်သေးသမျှ ရည်းစား မထားသင့်၊ ထိုသို့ဆိုခြင်းအတွက် အကြောင်းရင်းလေးရပ်ကိုလည်း ချပြထားကြပါသည်။

၁။ အပိုစုံစမ်းနောက်ယှက်ခြင်းများကို ရှောင်ရှားခြင်း။ အချိန် မတန်ပဲ ရည်းစားထားခြင်းဖြင့် ရည်းစားမရှိ သူထက် လိင် ပိုင်းဆိုင်ရာ စုံစမ်းနှောက်ယှက်မှုကိုပိုပြီး အခွင့် အလမ်းတံခါးဖွင့် ပေးရာ လည်း ရောက်ပေသည်။ အကြောင်းမှာ အခွင့်အလမ်းများစွာက ချစ်သူရည်း စား အပျော်ထားခြင်းနှင့် အတူ ကပ်ပါလာနေမှုကြောင့်ဖြစ်သည်။ ကိုယ့်ကို ကိုယ် ကလေး ကဲ့သို့မပြုကျင့်ပါနဲ့၊ အကယ်၍ ရည်းစားသနာများဖြင့် သွား လာ နေခြင်း၊ အတွဲခုတ်နေခြင်းမရှိသူအဖို့ ချစ်မှုရေးရာအတွက် စုံစမ်း နှောက်ယှက်ခြင်းသည် ၉၀% နှုန်းနည်းပါးမှုကို အားလုံး သိနိုင် သည်။ သွေးသား ဆန္ဒ ဦးတည်သော ချစ်မှု ***(Eros love or Sexual Love)*** ရေးတို့မှာ အန္တရာယ် များလှသည်။ ထိုအန္တရာယ် များလှသည့် လမ်းစဉ်ကို ဘာ ကြောင့် မိမိဖာသာ ပြဿနာကို မီးခွက်ထွန်းရှာ သကဲ့သို့ ဒုက္ခရှာ၍ဖွင့်ပေးရနလိုအပ် ပါသနည်း။ ရှောလမုန်တွင် ကြည့်ပါက ချစ်သောသူအတွက် သုံးကြိမ် တိုင် သတိပေး စကားမှာ "ငါချစ်သော သတို့သမီးသည် အလိုလို မနိုးမှီ တိုင်အောင် မလှုပ်မနှိုးမည့် အကြောင်း သင်တို့ကို ငါမှာထား၏" ***"Daughters of Jerusalem, I charge you by the gazelles a nd by the does of the field: Do not arouse or awaken love until it so desires."*** (ရှောလမုန်၊ ၂း၇၊ ၃း၅၊ ၈း၄)။

၂။ လမ်းခွဲမှု၌ ကြေကွဲမှုတို့ ယှဉ်တွဲ ပါရှိနေမှု။ တစ်ဦးနှင့်တစ်ဦး ခွဲခွါရချိန် လူတိုင်း တွန့်ဆုတ် စိုးရွံ့ မိတတ်ကြသည်။ ထိုသို့ ကွေကွင်း ကြရသောအခါတွင် တစ်ဦး တစ်ယောက်ထဲ သာမက အသိုင်းအဝန်း အလိုက် ခံစား ကရပြီး၊ နယ်ပယ် အသီးသီးအထိ အကျိုးဆက် သက်ရောက်စေသည်။ ထိုအချိန်တွင် လက်တုန့် ပြန်ခြင်း၊ ဝန်သိုမှုဖြစ် ခြင်း၊ မနာလိုခြင်း၊ အထီးကျန် ဆန်ခြင်း စသည့် ခံစားမှုများဖြင့် ဆောက်တည်ရာ မရ ဖြစ်လေ့ရှိကြသည်။ ဆယ်ကျော် သက်များအကြား လမ်းခွဲမှုများ ကြောင့် လူငယ် အစီအစဉ်များတွင် မလာရောက်တော့ခြင်း၊ ပါဝင်မှု လုံးဝ မရှိတော့ခြင်းများကိုလည်း တွေ့မြင်ရသည်။ အကြောင်းမှာ သူတို့၏ ရည်းစားဟောင်းများကို မမြင်၊ မတွေ့ လိုသောကြောင့် နောက်ဆုံး ဘုရားကျောင်းပါ ပျက်ကွက် လေ့ရှိ ကြသည်။ ကြေကွဲခံစားရမှု၊ နာကျင်ရမှု၊ စိတ်ပျက်အား ငယ်ရမှု၊ သောကပွားရမှု တို့ကို အထူးတလည် ဖော် ပြနေစရာပင် မလို။

# ပညာရေး လိုအပ်မှုအကြောင်းလေးမျိုး

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည်
ဝိဉာဉ်ရေးရာစာစောင်

## ပညာရေးလိုအပ်မှုအကြောင်းလေးမျိုး

"စာမျက်နှာ -၂" (ဆယ်မြှုရယ်စိုးလွင်)



ဆယ်ကျော်သက်များ အကြား လူမှုဆက်ဆံရေးတို့ မှိုင်းမိ နေလျှက်သား ဖြစ်နေမှုမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့ပါပြီ၊ ထို့ ကြောင့် ဘာ ကြောင့်များ တစ်ဦးနှင့်တစ်ဦး အကြား စည်းခြား စေမည့် အပြုအမူများကို ဘာကြောင့် လုပ်ဆောင်လိုပါသနည်း။ အသည်းကွဲခြင်း ဝေဒနာကို အရွယ် ရောက်သော အခါတွင်လည်း အနည်းနှင့်အများ ခံစား တွေ့ကြုံကြရမည် ဖြစ်ပြား လည်း ထိုသို့ အစဉ်အတိုင်း ရင့်ကျက်နေပါက ဘုရားသခင့် တန်ခိုးတော် အားဖြင့် သင်တို့ အခြင်းခြင်း အကြားတွင် တည်တံ့ ခိုင်မြဲသော ဆက်ဆံရေးကို ဆက်လက် ပျိုးထောင် နိုင်ခွင့် ရှိနေပါလိမ့်မည်။

၃။ ပြောင်းလဲမှုများဖြင့် တည်ရှိနေခြင်း။ ကျောင်းသား ဘဝတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းတို့သည် အရွယ်နှင့်အမျှ ပြောင်းလဲလာလျှက် ရှိနေသည့်အတွက် ကျောင်းပြီးသည့်အခါတွင် သင့် အနာဂါတ် တစ်ခုလုံးကို ပြောင်းလဲ နိုင်စွမ်းသော အခွင့်အရေးကို တန်ဖိုး ထား ဦးစားပေး ရပေမည်။ အချို့သော သူတို့၏ ဘဝအပြောင်းအလဲသည် လျှပ်တစ်ပျက် အတွင်း ဖြစ်လေ့ရှိတတ်ကြလည်း အ များစုမှာ အရွယ်ရောက် ချိန်တွင်သာ ဖြစ်ပွားလေ့ ရှိတတ် ကြသည်။ ပြောင်းလဲနေတတ်သော လူ့ သဘာဝ အရ အထက်တန်းကျောင်းတွင် နှစ်သက် မြတ်နိုးရသူ သည် ကျောင်းပြီးသည့်အခါ ထိုအတိုင်း ရှိမ ကာင်းမှ ရှိနေပေလိမ့်မည်။

၄။ လွတ်လပ်ပျော်ရွှင်သော လူငယ်/လူလွတ် ဘဝ။ လူတိုင်း သေချာသည်မှာ အချိန်တန်သော အခါတွင် ဘဝ တစ်လျှောက်လုံး မိမိတို့ကိုယ်စီ အိမ်ထောင်ဖြင့်သာ သွားလာ အသက်ရှင် ကြရပါမည်။ ထို့ကြောင့် လူရွယ် ဘဝ၌ အနာဂါတ် ဘဝကို ပြင်ဆင်မှု အပြည့် ထားရှိခြင်းဖြင့် လူပျို လူလွတ် ဘဝကို တန်ဖိုးထား အသက်ရှင်ပါ။ အိမ်ထောင်ဟူသည် အံ့သြဖွယ် ဘုရားပေး မင်္ဂလာတစ်ရပ် ဖြစ်ပြားလည်း လူပျို လူလွတ် ဘဝ၌ ရှိထားသော လွတ်လပ်မှုတို့မှာလည်း ထိုနည်းတူ အဖိုးမဖြတ်နိုင်သည့် ကောင်းကြီးမင်္ဂလာ တစ်ပါးပင် ဖြစ်ပါ သည်။

“ခင်ပွန်း မရှိသော သူသည် သခင်ဘုရား၏ စိတ်တော်နှင့် တွေ့ စေခြင်းငှါ သခင်ဘုရား၏ အမှုကိုသာ သတိထားတတ်၏။ ခင်ပွန်း ရှိသောသူမူကား မိမိ မယား၏ စိတ်နှင့် တွေ့စေခြင်းငှါ လောကီ အမှုကိုသာ သတိ ထား တတ်၏။ ထိုနည်းတူ ခင်ပွန်း မရှိသော မိန်းမနှင့် ခင်ပွန်းရှိသော မိန်းမသည် ခြားနားခြင်း ရှိ၏။ ခင်ပွန်း မရှိသော မိန်းမသည် ကိုယ်ခန္ဓာ စိတ်ဝိညာဉ် နှစ်ပါးကို သန့်ရှင်းစေခြင်းငှါ သခင်ဘုရား၏ အမှုကိုသာ သတိ ထား တတ်၏။ ခင်ပွန်းရှိသော မိန်းမ မူကား မိမိခင်ပွန်း၏ စိတ်နှင့် တွေ့စေခြင်း ငှါ လောကီအမှုကို သတိထား တတ်၏။ ထိုသို့ ငါဆိုသော် သင်တို့ အကျိုးကိုသာ ထောက်၍ ဆို၏။ သင်တို့ကို နှောက်ယှက် ချင်သော စိတ်န င့် ဆိုသည်မဟုတ်။ သင်တို့သည် လျှောက်ပတ်စွာ ကျင့်၍ စိတ်ရှုပ်ထွေးခြင်း မရှိဘဲ၊ သခင် ဘုရား၏ ဝတ်ကို အမြဲပြု စေခြင်းငှါ သာ ဤသို့ဆို၏” (၁ ကော၊ ၇း၃၂-၃၄) ဟုတွေ့ရသည်။

အထက်တန်း (သို့) သတ်မှတ်ပန်းတိုင်သို့ ရောက်မှ အပျို လူပျိုလုပ်ရန် ပြောခြင်းကို လူတိုင်း သဘော တူမည် မဟုတ်လည်း၊ အထက်ပါအကြောင်းလေးရပ်တို့သည် သတိပညာဖြင့် အလေးအနက်ထားရန် လိုသော လူငယ့် အနာဂါတ်ကို တောက်ပြောင်စေသည့် အကြောင်းများထဲမှ လမ်းစဉ် တစ်ချို့ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ။ နာမတော်မြတ်၌ · ဆယ်မြှုရယ်စိုးလွင်